**ရဟန်းမင်းကြီးသည်ပါးစကားအခါကြီးရက်ကြီးသုံးရက်အတွင်းလက်ဝါးကပ်တိုင်တော်အကြောင်းကို ထောက်ရှုမည်။**

ပြီးခဲ့သောဗုဒ္ဓဟူးနေ့ကဗာတီကန်၏စာကြည်တိုက်တွင်အမှုထမ်းနေသောဘာသာတူများအား ဘုရားသခင်၏အဆုံးမရှိသောချစ်ခြင်း၌ သတ္တိ၊ ခွန်အားနှင့်မျှော်လင့်ခြင်းများကိုတွေ့ရှိအောင်ရှာဖွေရန်အားပေးတိုက်တွန်းခဲ့သည်။ ရောဂါကပ်ဆိုးကြီးကျရောက်နေသော်လည်း ဗုဒ္ဓဟူးနေ့၌ကမ္ဘာအရပ်ရပ်မှဘုရားဖူးများနှင့်တွေ့ဆုံနေကြအစီအစဉ်ကိုမဖျက်သိမ်းဘဲတွေ့ဆုံခဲ့သည်။ သို့သော်ခါတိုင်းကဲ့သို့အပြင်၌လူချင်းတွေ့ဆုံ ၍မဟုတ်ဘဲလေလှိုင်းမှထုတ်လွှင့်ခဲ့သည်။ ထိုအစီအစဉ်ကိုအလွန်အကဲစပ်သောမေးခွန်းဖြင့်အစပြုလိုက်သည်။ယခုဖြတ်သန်းလာခဲ့သောအပတ်များသည် ကူးစက်ရောဂါကြောင့်ပူပင်သောစိတ်ဖြင့်ခံစားဖြတ် သန်းခဲ့သည်။ ဤအခြေအနေများ ကြောင့်ဘုရားသခင်နှင့်ပတ်သက်၍မေးခွန်းများထုတ်နေကြပေမည်။ ကျွန်ုပ်တို့နာကျင်ခံစားနေရချိန်၌ဘုရားသခင်မည်သည့်အရာလုပ်နေသနည်း။ အရာရာသည်ကမောက်ကမဖြစ်နေချိန်သူအဘယ်သို့ရောက်ရှိနေသနည်း။ အဘယ်ကြောင့်အရေးပေါ်ပြဿနာကိုချက်ချင်းမကိုင်တွယ် မဖြေရှင်းသနည်း။

ယေရှုသခင်၏ကားတိုင်လမ်းကိုလျှောက်လှမ်းခြင်းသည် ဤအခါကြီးရက်ကြီးများ၌ကျွန်ုပ်တို့နှင့်အတူယှဉ်တွဲရှိနေသည်။ ထို့ကြောင့် ကျွန်ုပ်တို့အားယုံကြည်ခြင်းနှင့်မျှော်လင့်ခြင်း၌ရှေ့ဆက်ကြိုးစားသွားရန်ကူညီပေးနေသည်။ ယေရှုသခင်၏ဒုက္ခလမ်းတော်အကြောင်းပွင့်လင်း စွာထုတ်ဖော်မြွက်ကြားလိုက်သောအခါမေးခွန်းများစွာမေးစရာဖြစ်လာခဲ့သည်။ ထိုမေးခွန်းများအနက်တစ်ခုကားယေရှုသခင်ဂျေရုဇလင်မြို့ ထဲသို့ဝင်ရောက်လာပြီးနောက်၊ သူ့အားသောင်းသောင်းဖြဖြကြိုဆိုကာ ဟိုဇန်းနာဟုကြွေးကြော်ခဲ့သောလူအုပ်ကြီးက ယေရှုသခင်သည်သူတို့ အား (ဂျူးလူမျိုးတို့အား) ရောမတို့၏လက်အောက်မှမည်သည့်အချိန်တွင်လွတ် မြောက်အောင်ကယ်နှုတ်ပေးမည်နည်းဟုဖြစ်သည်။

ဤမေးခွန်းကိုမေးမြန်းရခြင်းမှာ ၄င်းတို့အနေဖြင့်ယေရှုသခင်သည်ဘုရားအစွမ်းဖြင့် ဦးဖွလုပ်၍ဖွတ်ဖွတ်ညက်ညက်ကြေအောင်၊ ၄င်းတို့အားအနှစ်နှစ်အလလအုပ်ချုပ်ချယ်လှယ်ခဲ့သောရန်သူကိုအနိုင်ပိုင်းစေလိုသည်။ ထိုအခါ၄င်းတို့က ငါတို့ကွဟူသည့်ပြန်လည်လက်တုန့် ပြန်ချင်သည့်စိတ်ခံစားခံ

ရှိနေကြသည်။ သို့သော်ယေဇူးသခင်သည်မြည်းစီးလာသည့်အတိတ်နိမိတ်သည်သူသည်ရန်ကိုရန်ဖြင့် တုန့်ပြန်သော မက်ဆီးယာမဟုတ်။ သူသည်သိမ်မွေ့၍နှိမ့်ချသောစိတ်နှလုံးရှိသောမက်ဆီးယာဖြစ်သည်။ ဆိုးသွမ်းရမ်းကားသောလမ်းစဉ်မှပြောင်းလဲ၍သနားခြင်းကိုခံယူရန်သာကမ်းလှမ်းနေသည်။ ယခုမှာမူအကျင့်ပြောင်းလဲခြင်းမရှိဘဲပို၍ဆိုးယုတ်သောရာဇဝတ်မှုကိုတစ်မိနစ်၊ တစ်သံတည်းထွက်ပေါ် လာသည်မှာ သူ့ကိုလက်ဝါးကပ်တိုင်တင်ပါ ဟုဖြစ်နေသည်။

အမှန်ဆိုသော်ဤလူအုပ်သည် ဘာမျှသဲသဲကွဲကွဲစဉ်းစားတတ်သည်မဟုတ်။ သွေးထိုးလှုပ်ဆော်မှုင်းတိုက်ခံကြရသည်။ အဘယ် ကြောင့်ဆိုသော် ယေဇူးသခင်နောက်သို့ယုံကြည်စွာလိုက်ခဲ့ကြသောသူ များသည် အကယ်၍ ယေဇူးသခင်၏ကံကြမ္မာသည်ဤသို့ဖြစ်လျှင် (လက် ဝါးကပ်တိုင်ပေါ်တင်သတ်ခံ ၍ဘဝ အဆုံးသတ်ရလျှင်) သူသည်၄င်းတို့ကိုကယ်တင်နိုင်သောမက်ဆီးယားမဟုတ်။ ဘုရားသခင်သည် အားလုံးစုံကိုတတ်နိုင်ပြီး၊ လက်ရုံးရည်အလွန်အားကောင်းထက်မြတ်လှသည်။ ယခုကဲ့သို့အလွယ်တကူ အညံ့မခံဟုယုံကြည်ကြသည်။ သို့သော်ယေဇူး သခင်၏သေခြင်းသည်သာမညသောသေခြင်းမဟုတ်။ သူ၏သေဆုံးခြင်းမြင်ကွင်းသည်ယေဇူးသခင်နှင့်လူမျိုးမတူ၊ ဘာသာမတူသောရောမလူမျိုး၊ လူတစ်ရာ တပ်မှူးအား ဤသူသည်အဟုတ်အမှန်ဘုရားသခင်၏သားတော်ပင်ဖြစ်သည် ဟုဝန်ခံခဲ့သည်။ သူသည် ယေဇူးသခင်၏ကားတိုင် လမ်းကိုအစမှသည်အဆုံးတိုင်မြင်တွေ့နေခဲ့သူဖြစ်သည်။

**ယုံကြည်ခြင်းမရှိသူများအတွက်ဒုက္ခသည်ပျက်ဆီးခြင်း၊ ရှုံးနိမ့်ခြင်းဟုမှတ်ထင်ကြသည်။**

သို့ သော်ယေဇူးသခင်၏ဒုက္ခခံထမ်းခြင်း၊ အသေခံခြင်းသည်ဘုရားသခင်၏အဖြစ်ဇာတိတော်အမှန်ကို ဖော်ပြသောအခြေအနေဖြစ်နေသည်။ ယုံကြည်ခြင်းမဲ့သူများ၏အပြောအဆိုနှင့်လုံး ဝဆန့်ကျင်ဘက်ဖြစ် နေသည်။ ဘုရားသခင်သည်သူ၏ဘုန်းလက်ရုံးကိုကားတိုင်ပေါ်တွင်ထုတ်ဖော်မြင်တွေ့စေခဲ့သည်။ ကား တိုင်တော်သည် ဘုရားသခင်၏ပလ္လင်ဖြစ်သည်ကိုဘာသာတူများအားတရားပေးနေခြင်းဖြစ်သည်။

ကရူးစူးကားတိုင်တော်ကို တိတ်ဆိတ်စွာမေ့ကြည်၍ ကျွန်ုပ်တို့၏သခင်သည်အဘယ်သူနည်းဟု ဆင်ခြင်နေခြင်းသည် ကျွန်ုပ်တို့အား ကောင်းကြီးကိုရရှိစေပါသည်။ သူသည်အဘယ်သူကိုမျှအပြစ်တင် သောလက်ညှိုးကိုထိုး၍မစွပ်စွဲပါ။ သို့သော်ရင်အစုံကိုကျယ်ပြောစွာဆန့်ကား ၍လူတိုင်းအားကြိုဆိုနေ သည်။ ကြိုဆိုရာတွင်သူ့အားကားစင်တင်သတ်သူများလည်းပါသည်။ သူသည်သူ၏ဘုန်းတန်ခိုးဖြင့်ဖွတ်

ဖွတ်ညှက် ညှက်ကြေအောင်မချေခဲ့။ ကျွန်ုပ်တို့အတွက်သူသည်ဘာမျှမစွမ်းသာသူအဖြစ်ခံခဲ့သည်။ သူသည်စကားလုံး (အပြော) သက်သက်ဖြင့်ကျွန်ုပ်တို့ အားချစ်ခဲ့သည်မဟုတ်။ တိတ်ဆိတ်စွာခံထမ်းရင်းချစ်ချင်းကိုပေးခဲ့သည်။ ကရူးစူးကားတိုင်ကိုကြည့်၍ ယခုအချိန်သည်ဘုရားသခင်အပေါ်ထား ရှိသောကျွန်ုပ်တို့၏အမြင်တိမ်းစောင်းမှု၊ အမြင်လွဲမှားမှုများအားလုံးကိုခဝါချမည့်အချိန်ကောင်းဖြစ်သည်ဟုရဟန်းမင်းကြီးကမိန့်ကြားပါ သည်။။။

## ကရူးစူးကားတိုင်တော်ကိုထောက်ရှုဆင်ခြင်၍ဝေဂေလိကျမ်းစာကိုဖတ်ပါ။

ဆက်လက်၍ရဟန်းမင်းကြီးက ဘာသာတူများအားကပ်ရောဂါဆိုးကြောင့်ဘုရားကျောင်းသွား၍ ခါတိုင်းနှစ်ကဲ့သို့ဝတ်ပြုခြင်း၌မပါဝင် ရသော်လည်းမိမိတို့အိမ်သည်လည်းဘုရားသခင်ကိန်းဝပ်သောဗိမာန်တော်ဖြစ်၍အိမ်၌ဝတ်ပြုခြင်းကိုပြုလုပ်နေသည်ဟုခံယူဖြတ်သန်းရန်၊ ဤ ပါးစကာ၏ရက်ကြီးအခါကြီးသုံးရက်အတွင်းယေဇူးသခင်တွဲလွဲခိုနေသောကရူးစူးကားတိုင်တော်ကိုမောကြည့်ပြီး၊ ဧဝဂေလိကျမ်းစာကိုဖတ်ရှု ရန်၊ ထို့အတူကိုဗစ် (၁၉) စောင့်ကြည့်ခံနေရသောသူများ၏ (၁၄)ရက်တာစောင့်ကြည်ခံ ကာလ၌ကခရူးစူးကားတိုင်နှင့်ကျမ်းစာအုပ်ကိုလက် ထဲ၌ ဆောင်ထားပြီး၊ ဖတ်ရှုကြားနာရန်၊ ဤသို့ပြု လုပ်ခြင်းသည်ပါးစကာဝတ်ပြုခြင်းကိုအိမ်၌ပြုနေသကဲ့သို့ဖြစ်ပေမည်၊ အဘယ်ကြောင့်ဆိုသော် ဘုရား ကျောင်းသို့မသွားရောက်နိုင်သောကြောင့်ဖြစ်ကြောင်းအားပေးနိုးဆော်ထားသည်။

## ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်၌အားလုံးနေကောင်းကျန်းမာလာကြလိမ့်မည်။

ဘုရားသခင်၏ဇာတိအမှန်မှာချစ်ခြင်းမေတ္တာဖြစ်သည်။ ဤလောက၏အစွမ်းတန်ခိုးသည်မမြဲ။ လွန်သွားလိမ့်မည်။ သို့သော်ချစ်ခြင်းသည်အဆုံးမရှိတည်နေမည်။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည်ကျွန်ုပ်တို့၏အပြစ်များကိုယခုပါးစကာအချိန်၌ခွင့်လွှတ်၍ကုသပေးသည်။ ထိုအခါကျွန်ုပ်တို့၏ကြောက်ရွံ့စိုးရိမ်ခြင်းများသည်ယုံကြည်မှုအဖြစ်လည်းကောင်း၊ ပူပန်မှုသည်မျှော်လင့်ခြင်းအဖြစ်လည်းကောင်းပြောင်းလဲသွားသည်။ ဘုရားသခင်သည်မည်သည့်အခြေအနေမျိုးမှမဆိုအကောင်းဖြစ်လာအောင်ပြောင်းလဲပေးနိုင်စွမ်းသည်။ ထို့ကြောင့်သူ၌ယုံကြည်ချက်မှာလက်ရှိရောဂါကပ်ဆိုးကြီးခံစားနေရသူများအားလုံးလည်းပြန်လည်ကောင်းလာလိမ့်မည်ဟုယုံကြည်ပါသည်။ ထို့ကြောင့်ပါးစကားနံနက်၌

မကြောက်နှင့် ဟုသချိုင်းဂူတွင်စောင့်နေသောသိကြားမင်း၏အမိန့်တော်ကိုမမေ့နှင့်။ ကျွန်ုပ်တို့သည်အထီးကျန်အဖော်မဲ့နေသူများမဟုတ်။ ဘုရားသခင်သည်ကျွန်ုပ်တို့ကိုပစ်မထားပါ။

ယေရှုသခင်သည်သူ၏သေခြင်းအားဖြင့်သေမင်းကိုအောင်မြင်ခဲ့သည်။ ထို့ကြောင့်ကျွန်ုပ်တို့လည်းသူနှင့်အနေနီးအောင်ကြိုးစားပြီး၊ ကျွန်ုပ်တို့၏ဘဝကိုပြောင်းလဲပစ်နိုင်ရမည်။ သေချာသည်မှာကျွန်ုပ်တို့သည်တစ်ကိုယ်တည်းမဟုတ်။ အဘယ်ကြောင့်ဆိုသော်ဘုရားသခင်ကျွန်ုပ်တို့ကိုချစ်တော်မူသည်။ သူသည်ကျွန်ုပ်တို့ကိုဘယ်တော့အခါမျှစွန့်ပစ်မည်မဟုတ်။ ထို့အတူဘယ်တော့မျှကျွန်ုပ်တို့ကိုမေ့လျော့မည်မဟုတ်။

ဘာသာပြန် ဖာသာရ်ကလဲမင့်အားတယ်